# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 7, 2019 Volume 20, Number 5


**၇.၆.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၆၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၄/ကျပ် |
| CBM Rate | = ၁၅၂၅.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၉.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၂၇ ကျပ် |

## မြန်မာအထည်ချုပ်လုပ်ငန်းအတွက် အီးယူက အကြီးမားဆုံးဈေးကွက်ဟု သံအမတ်ပြော



မြန်မာ့အထည်ချုပ်လုပ်ငန်းအတွက် ဥရောပသမဂ္ဂ(EU) သည် အကြီးမားဆုံး ဈေးကွက်ဖြစ်ပြီး သီရိလင်္ကာ၊ ထိုင်းနှင့် တူနီးရှားနိုင်ငံသို့ တင်ပို့မှုထက် ကျော်လွန်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကပြောသည်။ မြန်မာမှ ဥရောပသမဂ္ဂသို့ အထည်ချုပ်အဝတ် အထည်များ တင်ပို့မှုကြောင့် အမျိုးသမီး လေးသိန်းခွဲကျော် အလုပ်အကိုင်ရရှိပြီး မြန်မာနိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သည်ဟု ၎င်းက ဇွန်လ ၅ ရက်တွင် ပြုလုပ်သည့် မြန်မာ-အီးယူ စီးပွားရေးဖိုရမ်၌ ပြောကြားသည်။ ၂၀၁၈ တွင် မြန်မာနိုင်ငံက ဥရောပသမဂ္ဂသို့ ပို့ကုန်တင်ပို့မှု ၄၇ ရာခိုင်နှုန်း မြင့်တက်ပြီး နှစ်နိုင်ငံကုန်သွယ်မှု ၂၀၁၈ တွင် ဒေါ်လာ ၅၆၈ သန်းမှ ၂ ဒသမ ၈ ဘီလီယံအထိ မြင့်တက်ခဲ့သည်ဟု ၎င်းကဆိုသည်။ ဥရောပ သမဂ္ဂဘက်မှ ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၇ ဘီလီယံအထိရှိခဲ့သည်ဟု ဥရောပ သမဂ္ဂသံအမတ်က ဆိုသည်။

ထိုသို့ မြင့်တက်လာခြင်းသည် ၂၀၁၃ တွင် ဥရောပသမဂ္ဂက ပေးအပ်သည့် ကုန်သွယ်မှုအထူးအခွင့်အရေးကြောင့်ဖြစ်သည်ဟု သံအမတ်ကဆိုသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဥရောပနိုင်ငံများက ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံဖိုး ရှိပြီး ပဉ္စမမြောက်အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်သည်ဟု သံအမတ်ကဆိုသည်။ ကျွန်တော်တို့ကုမ္ပဏီတို့က စားသုံးသူအခွင့်အရေးနဲ့ အလုပ်သမားအခွင့်အရေး စံနှုန်းတွေ၊ ပွင့်လင်းမြင်သာမှုစံနှုန်းတွေ၊ လူမှုရေးတာဝန်သိတတ်မှုလုပ်ငန်းတွေ ဖြစ်လာအောင် အကူအညီပေးပါတယ်။ နောက်ပြီး ကျွန်တော်တို့က အခွန်လည်း ပေးပါတယ်ဟု သံအမတ်ကဆိုသည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာ၌ ဥရောပသမဂ္ဂက ဝမ်းမြောက်စွာကူညီရန် အသင့်ရှိသည်ဟုဆိုသည်။ ၂၀၁၈ တွင် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ဒေသအတွင်း အမြင့်ဆုံးတိုးတက်နှုန်း ဖြစ်သည်ဟု သံအမတ်ကဆိုသည်။

မြန်မာအစိုးရ၏အောင်မြင်မှုအချို့ရှိကြောင်း သံအမတ်ကဆိုသည်။ ၎င်းတို့သည် ကုမ္ပဏီ ဥပဒေအသစ်၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်၊ အွန်လိုင်းစနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ်၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ လွတ်လပ်ခွင့်ပေးခြင်း၊ နယ်စပ်ကုန်သွယ်မှုတွင် နိုင်ငံခြားသုံးငွေသစ်များခွင့်ပြုခြင်းတို့ဖြစ်သည်။

**Source:** http://www.7daydaily.com/story/157982


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မြန်မာ-တရုတ် နှစ်နိုင်ငံကြား နယ်စပ်ကုန်စည်လမ်းကြောင်းသစ်ဖောက်ရန် ဆွေးနွေး

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ လင်ချန်းမြို့အကြား ကုန်သွယ်ရေးလမ်းကြောင်းသစ်တစ်ခုဖောက်လုပ်နိုင်ရေး လင်ချန်းမြို့ ဒုတိယမြို့တော်ဝန်က မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တာဝန်ရှိသူများနှင့် လာရောက်ဆွေးနွေးခဲ့သည်။ လင်ချန်းဒုတိယမြို့တော်ဝန် Mr. Yang Wenzhang အနေဖြင့် ၎င်းတို့မြို့တော်နှင့် မြန်မာနိုင်ငံအကြား ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းသစ်ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံဘက်မှ အစိုးရနှင့်လုပ်ငန်းရှင်များ၏ ပူးပေါင်းကူညီမှုရရှိရန် ဇွန်လ ၃ ရက်တွင် လာရောက်ဆွေးနွေးခဲ့သည်။ လင်ချန်းက ချင်းရွှေဟော်နဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့မြို့ တစ်ခုဖြစ်တဲ့အတွက် အဲဒီမြို့နှစ်ခုကြားမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့အတွက် လမ်းတွေ၊ တံတားတွေတည်ဆောက်မယ့်ကိစ္စတွေကို အမြန်ဆုံးပြီးစီးနိုင်ဖို့အတွက် ကျန်ရှိနေတဲ့ အခက်အခဲတွေကို ဒီဘက်ကနေ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လာဆွေးနွေးတာဖြစ်ပါတယ်ဟု MRCCI အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်က ပြောသည်။

အဆိုပါကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းသစ်ကို တရုတ်အစိုးရက တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်က ပုံမှန်တင်ပို့နေသည့် ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းထက် ၈၅ မိုင်ခန့်ပိုနီးမည့်အပြင် လမ်းကြောင်းသစ်တစ်ခု ပေါ်လာမည်ဖြစ်သောကြောင့် ကုန်စည်တင်ဆောင်လာသည့် ယာဉ်များအနေဖြင့် လမ်းပိတ်၍စောင့်ဆိုင်းနေရမည့် အခြေအနေလည်း လျော့ကျမည်ဖြစ်ကြောင်း လင်ချန်းမြို့ ဒုတိယမြို့တော်ဝန်ကပြောသည်။ အဲဒီလမ်းကြောင်းသာ ပွင့်သွားရင် ကုန်စည်စီးဆင်းမှုကလည်း ပိုကောင်းသွားမယ်။ အရင်ကထက်စာရင် လမ်းကြောင်းကလည်း နှစ်ကြောင်းဖြစ်သွားတဲ့ အတွက် လမ်းပိတ်တာတွေလည်း လျော့ချနိုင်မယ်။ အဲဒီလိုမျိုး ကုန်သွယ်ရေးလမ်းကြောင်းတွေ ပိုကောင်းလာအောင် ဆွေးနွေးတာပါဟု ဦးဥက္ကာကျော်ကပြောသည်။ ထို့အပြင် လင်ချန်းမြို့တော်ရှိ လုပ်ငန်းရှင်များနှင့်မြန်မာလုပ်ငန်းရှင်များ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းလုပ်ကိုင်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း ၎င်းကပြောသည်။

**Source:** http://www.7daydaily.com/story/157958

## ကမ္ဘာ့ရွှေဈေးတက်၍ ပြည်တွင်းရွှေဈေး အမြင့်ဈေးသို့ပြန်ရောက်

ကမ္ဘာ့ရွှေဈေးမြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးသည် အမြင့်ဈေးသို့ရောက်လာသော်လည်း အရောင်းအဝယ် ရှိနေဆဲဖြစ်ကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များကပြောသည်။ ပြည်တွင်းရွှေတစ်ကျပ်သားလျှင် ကျပ်နှစ်သောင်းခန့် မြင့်တက်ခဲ့သော်လည်း ကမ္ဘာ့ရွှေဈေး၏ အနိမ့်ဈေးအောက်သာရှိနေဆဲဖြစ်သည်ဟု ပြည်တွင်းရွှေလုပ်ငန်းရှင်များက ဆိုသည်။ အခုက မြန်မာ့ရွှေကဈေးနိမ့်နေတော့ တရုတ်ဘက်ကိုသွားနေတယ်။ ဒါကလည်း ရွှေသဘောသဘာဝအရ ထုံးစံပဲ။ ပြည်တွင်းမှာက အရောင်းအဝယ်က သိသိသာသာပြောင်းလာတာမရှိပေမယ့် အရောင်းအဝယ်လေးတော့ သွက်လာတယ်ဟု ရွှေလုပ်ငန်းရှင် ဦးအောင်ဝင်းနိုင်ကဆိုသည်။

ကမ္ဘာ့ရွှေဈေးသည် ရက်ပိုင်းအတွင်း တစ်အောင်စလျှင် ဒေါ်လာ ၃၀ အထိ မြင့်တက်လာပြီး ဇွန်လ ၆ ရက်တွင် တစ်အောင်စလျှင် ၁၃၃၆ ဒေါ်လာဈေးရှိနေသည်ဟု တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်ကပြောသည်။ ပြည်တွင်း ရွှေဈေးသည် မေလ ၃၀ ရက်တွင် ကျပ် ၁၀၄၆၅၀၀ ပေါက်ဈေးရှိခဲ့သော်လည်း ဇွန်လ ၆ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၆၇၀၀၀ ရှိသည်။ လက်ရှိတွင် ရွှေဈေးအမြင့်နှုန်းရောက်လာခြင်းကြောင့် အမြတ်လိုသူများ ပြန်လည်ရောင်းချခြင်းနှင့် တောင်သူများငွေလို၍ပြန်လည်ရောင်းချခြင်းကြောင့် ရွှေဈေးကွက်လှုပ်ရှားနေသည်ဟု အောင်သမာဓိရွှေဆိုင် အထွေထွေမန်နေဂျာ ဦးမော်ကပြောသည်။

**Source:** http://www.7daydaily.com/story/157963

## ယခုဘဏ္ဍာနှစ် တရုတ်နိုင်ငံသို့ မြန်မာ့ပို့ကုန် တင်ပို့မှုလျော့ကျနိုင်

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ မတ်လအထိ ၆ လအတွင်း အမေရိကန်ဒေါ်လာသန်း ၅၅၀၀ ကျော်ခန့်ရှိခဲ့ပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက လျော့ကျနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကုန်သွယ်မှု စာရင်းဇယားများအရသိရသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွင်း တရုတ်-မြန်မာကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ကျော်ရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ်မတ်လအထိ ဘဏ္ဍာနှစ် တစ်နှစ်လုံးစာ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာသန်း ၁၂၀၀၀ ဝန်းကျင်ခန့်ရှိခဲ့သည်။



မြန်မာနိုင်ငံဘက်က တင်ပို့နေတဲ့ ဆန်တို့၊ ပြောင်းတို့ဆိုတာကလည်း ဒီဘက်က တရားဝင်ဖြစ်ပေမယ့် ဟိုဘက်မှာကျ ကိုတာပေးတဲ့ ပစ္စည်းတွေ ဖြစ်နေတယ်။ ဟိုဘက်က ကုန်သည်တွေကလည်း အခွန်ရှောင်ချင်တာ ဖြစ်တဲ့အတွက်ကြောင့် တရားမဝင် အခွန်ရှောင် ဝယ်ယူတာတွေရှိတယ်။ ဒါတွေက ကုန်သွယ်မှုမှာ နည်းနည်းလေး အခက်အခဲဖြစ်နေတာပါဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။

လက်ရှိတွင် တရုတ်နိုင်ငံဘက်မှ တရားမဝင်ကုန်သွယ်မှုကို တားဆီးနေသည့်အနေအထားကြောင့် ဖြစ်ပြီး၊ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ၅ လတွင်း မူဆယ်နယ်စပ် ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၂၆၀ ကျော်ရှိပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၆၀ ကျော် လျော့ကျနေသည်ကိုတွေ့ရသည်။ သို့သော် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းသည့် သွင်းကုန်တန်ဖိုးမှာ ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော် မြင့်တက်နေသည်။ တရုတ်နိုင်ငံကို မြန်မာနိုင်ငံရဲ့ ပို့ကုန်တင်ပို့မှုမှာ ဒီနှစ်ကကာလတူနဲ့နှိုင်းယှဉ်ရင်တော့ အနည်းငယ်ကျနိုင်တယ်ဟု ဦးခင်မောင်လွင်ကဆိုသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁ဒသမ၁ ဘီလီယံခန့် ရရှိရန်လျာထားဆောင်ရွက်နေပြီး၊ ပို့ကုန်အနေဖြင့် ၁၅ဒသမ၃ ဘီလီယံ၊ သွင်းကုန်အနေဖြင့် ၁၈ဒသမ၈ ဘီလီယံခန့် ရရှိရန်လျာထားကြောင်းသိရသည်။

လက်ရှိတွင် တရုတ်-မြန်မာ ကုန်စည်ဖလှယ်သည့်စနစ်ဖြင့် ကုန်သွယ်မှုပြုလုပ်ရန် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ MOU ရေးထိုးကာ ကုန်သွယ်မှုစတင်ပြုလုပ်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်လျှက်ရှိသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် တရုတ်နိုင်ငံဘက်မှ ကူမင်းရွှေချိုက် ကုမ္ပဏီတို့အကြား Brter System ကုန်ပစ္စည်း ခြင်း ဖလှယ်သည့်စနစ်ဖြင့် ဆန်၊ ဆန်ကွဲ ပြောင်း၊ သကြား စသည့်သီးနှံများ အရောင်းအဝယ် ပြုလုပ်ရန် နားလည်မှုစာချွန်လွှာ MOU တစ်ခုနှင့် ဆန်တန်ချိန် ၁၀၀၀၀ ခန့်ကို ရှမ်းပြည်နယ်မြောက်ပိုင်း အများပိုင်ကုမ္ပဏီနှင့် ရွှေချိုက်ကုမ္ပဏီတို့ အရောင်းအဝယ်စာချုပ်တစ်ခု ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8087

## မြန်မာ့ပျားရည် နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းပြည့်မီရန် လိုအပ်

မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဒေသ နေကြာပျားရည် ထုတ်လုပ်ရေးလုပ်ငန်းနှင့် ကနီမြို့နယ်ဆီး ပျားရည်ထုတ်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိသည့်ပျားရည်များကို နိုင်ငံရပ်ခြားတိုင်းပြည်များက နှစ်စဉ်ဝယ်ယူလျက်ရှိရာ ဒေသတွင်း ပျားမွေးမြူရေးလုပ်ငန်းများနှင့် ပျားရည်ထုတ်လုပ်ရေးလုပ်ငန်းများ၌ နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ကလေးမြို့အခြေစိုက် ပျားမွေးမြူရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ကျော်ဦးက ပြောဆိုသည်။

ကလေးဒေသထွက် နေကြာပျားရည်မှာ ယခုအခါ နိုင်ငံတကာဈေးကွက်တွင်အရောင်း အဝယ်သွက် ဈေးကောင်းရလျက်ရှိပြီး ကနီမြို့နယ်ထွက် ဆီးပျားရည်ကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝယ်ယူကြသည်။ ကလေးဒေသနှင့် ကနီဒေသတို့မှ နှစ်စဉ် ပျားရည်ပီပါ ၁၀၀၀ ဝန်းကျင်ထွက်ရှိကြောင်းသိရပြီး ပျားရည်သုံးပီပါခွဲကို တစ်တန်ရှိသည်ဟုဆိုသည်။ ကျွန်တော်တို့ ပျားမွေးမြူရေးသမားတွေ အနေနဲ့ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက် ရောင်းချမယ်ဆိုရင် နိုင်ငံတကာက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီအောင် မွေးမြူထုတ်လုပ်ဖို့လိုပါတယ်။ ပျားရည်ထုတ်လုပ်မှု အရည်အသွေးတွေ မြှင့်တင်ရပါမယ်ဟု ပျားမွေးမြူရေးဦးစီးမှူး ဦးကျော်ကျော်ဦးက ပြောဆိုသည်။

ပျားမွေးမြူရေးသင်တန်း၊ ပျားမွေးမြူရေးနဲ့ပတ်သက်လို့ အဓိကနားလည်လွယ်အောင် ပြောရမယ်ဆိုရင် ပျားမွေးမြူရေး

သမားတွေက ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို သိထားဖို့လိုအပ်ပါတယ်။ ဥပမာ–ပျားအိမ် ပျားမွေးမြူရေးနဲ့ ပတ်သက်တဲ့ အသုံးအဆောင်ပစ္စည်းတွေ သန့်ရှင်းမှုရှိဖို့၊ ပျားမွေးမြူရေး လုပ်ကိုင်သူလုပ်သားများ ရောဂါဘယကင်းရှင်းဖို့၊ အင်္ကျီ အဝတ်အစား၊ ဝတ်စုံ၊ လက်အိတ်၊ ခေါင်းဆောင်းသန့်ရှင်းမှုရှိဖို့၊ ပျားမွေးတဲ့နေရာ က စက်ရုံ၊ အလုပ်ရုံ၊ အမှိုက်ပုံ၊ ကြက်ခြံ၊ ဝက်ခြံ၊ အဝေးပြေးကားလမ်းမနားမှာမဖြစ်ဖို့၊ ပျားမွေးမြူရေးလုပ်ကိုင်တဲ့နေရာအနီး ချောင်း၊ မြောင်း၊ မြစ်၊ အင်းအိုင်မှာ သန့်ရှင်းတဲ့ရေဖြစ်ဖို့ စတာ တွေဖြစ်ပါတယ်"ဟု ကနီမြို့နယ် ပျားမွေးမြူ ရေးသမား ဦးခင်မောင်သန်းကပြောဆိုသည်။

နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ပျားရည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၇၀၀ မှ ၂၄၀၀၀ ဝန်းကျင်အထိဈေးရနေပြီး ယခုနှစ် မြန်မာနိုင်ငံထွက်ပျားရည်ကို ဂျပန်၊ ကနေဒါ၊ ဩစတြေးလျ၊ တရုတ်၊ စင်ကာပူနှင့်ထိုင်းတို့မှ အများဆုံး ဝယ်ယူလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/123965.html

## အမေရိကန်နဲ့တရုတ် ကုန်သွယ်ရေးပြဿနာကြောင့် ကမ္ဘာ့စီးပွားရေးကျဆင်းနိုင်

အမေရိကန်နဲ့ တရုတ်ကြားဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့စီးပွားရေးဟာ ၂၀၂၀ ပြည့်နှစ်မှာ ၀.၅ ရာခိုင်နှုန်း ကျဆင်းသွားနိုင်တယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF က သတိပေးလိုက်ပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ နိုင်ငံတကာခေါင်းဆောင်တွေ ဒီသီတင်းပတ်ကုန်အတွင်း ဂျပန်မှာ တွေ့ဆုံဆွေးနွေးကြဖို့ ပြင်ဆင်နေချိန်မှာ IMF က ပြောလိုက်တာပါ။

တရုတ်အမေရိကန်ကြား ကုန်သွယ်စည်းကြပ်ခွန်ပြဿနာကြောင့် နှစ်နိုင်ငံ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဒေါ်လာ ၄၅၅ ဘီလျံ လောက်ဆုံးရှုံးသွားနိုင်တယ်လို့ IMF စီမံခန့်ခွဲရေးညွှန်ကြားရေးမှူး ခရစ်စတင်းလဂတ်က ပြောပါတယ်။ ဒီပြဿနာဟာ သူတို့ကိုယ်တိုင်ဖန်တီးတဲ့ကိစ္စဖြစ်ပြီး၊ ရှောင်လွဲနိုင်တဲ့ကိစ္စလည်းဖြစ်တယ်၊ သူတို့ချင်းချမှတ်ထားတဲ့ ကုန်သွယ်ရေးအတားအဆီးတွေကို ဖယ်ရှားလိုက်ရုံပဲလို့လည်းဆိုပါတယ်။ ဒါ့ပြင် ကုန်သွယ်ရေးကို ဖွင့်ပေးလိုက်ရင် ကမ္ဘာ့ GDP ဟာ ရေရှည်မှာ ဒေါ်လာ ၃၅၀ ဘီလျံလောက် တိုးလာနိုင်တယ်လို့လည်း သတိပေးလိုက်ပါတယ်။

**Source: RFA** https://www.facebook.com/myanmaeconomic/

## ငါးနှစ်အတွင်း ပြည်တွင်းဆန်ဈေးတက်၊ ပြည်ပပို့ဆန်ဈေးကျ

၂၀၁၄ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် မေလအထိ ငါးနှစ်အတွင်း ပြည်တွင်းဆန် ဈေးသည်တစ်အိတ်လျှင် ကျပ် ၁၈၀၀ မှ ၁၁၅၀၀ အထိ မြင့်တက်သော်လည်း ပြည်ပပို့ဆန်ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၄၅ မှ ၁၀၀ အထိ ကျဆင်းသွားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်သည့်ဆန်ဈေးနှုန်းဇယားအရ သိရသည်။ ပြည်တွင်းဆန်ဈေးကွက်တွင် ငါးနှစ်အတွင်း ရွှေဘိုပေါ်ဆန်းက တစ်အိတ်လျှင် ၁၁၅၀၀ ကျပ်ဖြင့် အများဆုံးမြင့်တက်ပြီး ဆန်ကြမ်းဖြစ်သည့် ဧည့်မထ ဆန်ဈေးမှာ တစ်အိတ်လျှင် ကျပ် ၁၈၀၀ မှ ၂၄၀၀ နှင့် ဧရာဝတီတိုင်းဒေသထွက် ပေါ်ဆန်းဆန်များမှာ တစ်အိတ်လျှင် ၇၀၀၀ ခန့် မြင့်တက်ကြောင်း ယင်းထုတ်ပြန်ချက်အရသိရသည်။

ပြည်ပသို့တင်ပို့သည့် ဆန်ဈေးနှုန်းများမှာ ၂၀၁၄ ခုနှစ်ကထက် ဈေးရရှိမှုနိမ့်ပါးသွားခဲ့ပြီး ပြည်ပဝယ်လက်များသည့် ဧည့်မထ ၅ မှတ် (ထိပ်ဆုံးစ) ဆန်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အဖြစ် အများဆုံးကျဆင်းခဲ့ကာ ဧည့်မထ ၅ မှတ် (ထိပ်စ)မှာ တစ်တန်လျှင် ဒေါ်လာ ၈၀၊ ၁၀ မှတ်မှာ တစ်တန်လျှင် ဒေါ်လာ ၇၀၊ ၁၅ မှတ်မှာ တစ်တန်လျှင် ဒေါ်လာ ၆၀၊ ၂၅ မှတ်မှာ တစ်တန်လျှင် ၄၅ မှ ၆၅ ဒေါ်လာအထိ ကျဆင်းသွားကြောင်း ဆန်စပါးအသင်းချုပ်က ထုတ်ပြန်သည်။ လတ်တလော ဆန်ဈေးကွက်အတွင်း ပြည်တွင်းစားသုံးသည့်ဆန်များနှင့် ပြည်ပပို့ဆန်ဈေးများမှာ တောက်လျှောက်ကျဆင်းနေပြီး ပြီးခဲ့သည့်ရက်ပိုင်းကထက် ဆန်ချောဈေးမှာ တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ၃၀၀၀ အထိနှင့် ဆန်ကြမ်းဈေးမှာ တစ်အိတ်လျှင် ၄၀၀ ကျပ်ခန့်ကျဆင်းကြောင်း ဘုရင့်နောင်နှင့် ဝါးတန်းဆန်ဈေးကွက်အတွင်းမှ သိရသည်။

ဧရာဝတီဒေသထွက် ပေါ်ဆန်းတစ်အိတ်လျှင် ၂၀၁၄ က ကျပ် ၃၅,၀၀၀ မှ ယခုအခါ ကျပ် ၄၂,၀၀၀ သို့လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ၂၀၁၄ က ကျပ် ၄၃,၅၀၀ မှ ယခုအခါ ကျပ် ၅၅,၀၀၀ သို့လည်းကောင်း၊ ဧည့်မထ ၅ မှတ်မှာ တစ်အိတ်လျှင် ၂၀၁၄ က ကျပ် ၁၆,၈၀၀ မှ ယခုအခါ ၁၉,၂၀၀ သို့လည်းကောင်း၊ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ၂၀၁၄ က ကျပ် ၁၅,၅၀၀ မှ ယခုအခါ ကျပ် ၁၇,၃၀၀ သို့ လည်းကောင်း၊ ငစိန် ၂၅ မှတ်တစ်အိတ်လျှင် ၂၀၁၄ က ကျပ် ၁၆,၅၀၀ မှ ယခုအခါ ၁၉,၇၀၀ သို့လည်းကောင်း ဈေးနှုန်းများမြင့်တက်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ပြည်ပပို့ဆန်ဈေးများတွင် ဧည့်မထ ၅ မှတ် (ထိပ်ဆုံးစ) တစ်တန်လျှင် ၂၀၁၄ က ဒေါ်လာ ၄၃၀-

၄၄၀ မှ ယခုအခါ ၃၃၅-၃၄၀ သို့လည်းကောင်း၊ ဧည့်မထ ၅ မှတ်(ထိပ်စ)တစ်တန်လျှင် ဒေါ်လာ ၄၁၅-၄၂၀ မှ ယခုအခါ ၃၃၅-၃၄၀ သို့လည်းကောင်း၊ ၁၀ မှတ် တစ်တန်လျှင် ၂၀၁၄ က ဒေါ်လာ ၃၉၅-၄၀၅ မှ ယခုအခါ ၃၃၀-၃၃၅ သို့လည်းကောင်း၊ ၁၅ မှတ် တစ်တန်လျှင် ၂၀၁၄ က ဒေါ်လာ ၃၇၅-၃၉၀ မှ ယခုအခါ ၃၂၅-၃၃၀ သို့လည်းကောင်း၊ ၂၅ မှတ်(အကောင်း)တစ်တန်လျှင် ၂၀၁၄ က ဒေါ်လာ ၃၄၀-၃၅၅ မှ ယခုအခါ ၃၀၅-၃၁၀ သို့လည်းကောင်း၊ ၂၅ မှတ်တစ်တန်လျှင် ၂၀၁၄ က ဒေါ်လာ ၃၃၀-၃၄၀ မှ ယခုအခါ ၂၇၀-၂၇၅ သို့လည်းကောင်း ဈေးနှုန်းများကျဆင်းသွားကြောင်း ယင်းထုတ်ပြန်ချက်အရသိရသည်။

**Source: the voice myanmar price**

https://www.facebook.com/myanmaeconomic/

## မြန်မာနိုင်ငံမှ UMG အမှတ်တံဆိပ်ဆိုင်ကယ်များ အာဆီယံဈေးကွက်စတင်ဖြန့်ချိ

မြန်မာနိုင်ငံ UMG Group of Companies မှ UMG MOTOR မော်တော်ဆိုင်ကယ် အမှတ်တံဆိပ်များကို ဗီယက်နမ်နိုင်ငံတွင် ထုတ်လုပ်လျက်ရှိရာ ယခုအခါ အာဆီယံနိုင်ငံဈေးကွက်သို့ စတင်ဖြန့်ချိနေပြီဖြစ်ကြောင်း သိရသည်။ UMG Group of Companies ကို မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ အဓိကလုပ်ငန်းကြီး ကိုးခုဖြင့် ပြည်တွင်းမှာသာမက အာရှနိုင်ငံများမှာပါ ကုန်သွယ်၊ ကုန်ထုတ်စီးပွားရေးလုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်မှစတင်၍ မော်တော်ဆိုင်ကယ်မျိုးစုံကို ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးရောင်းချလျက် ရှိရာ ယခုအခါ UMG MOTOR အမှတ်တံဆိပ်ဖြင့် ဗီယက်နမ်နိုင်ငံမှထုတ်လုပ်သော UMG ဆိုင်ကယ်များကို ဖြန့်ချိရောင်းချရာ အာဆီယံနိုင်ငံ ဈေးကွက်များ၌ပါ စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်သည်။

UMG အမှတ်တံဆိပ်နဲ့ Selena Damon နဲ့ RT 250i မော်တော်ဆိုင်ကယ် အမျိုးအစားသုံးမျိုး အောင်မြင်စွာ ထုတ်လုပ်ဖြန့်ချိနိုင်ပါပြီ။ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများမှာဖြန့်ချိခြင်းမိတ်ဆက်ပွဲများ လုပ်ခဲ့ပြီးပါပြီ။ မြန်မာနိုင်ငံအနေနဲ့ မန္တလေး မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်းနဲ့ ၅၅ လမ်းထောင့်၊ UMG မန္တလေးရုံးခန်းမမှာ မေ ၂၉ ရက် ည ၇ နာရီအချိန်က မိတ်ဆက်ပွဲပြုလုပ်ပါတယ်။ ဆက်လက်ပြီး လာအို၊ သီရိလင်္ကာတို့မှာ မိတ်ဆက်ပွဲပြုလုပ်ပြီး အရှေ့တောင်အာရှနိုင်ငံများနဲ့ ကမ္ဘာ့နိုင်ငံများကို ဖြန့်ဖြူးသွားမှာဖြစ်ပါတယ်ဟု UMG Group မှ ပြည်သူ့ဆက်ဆံရေးနှင့် အမှတ်တံဆိပ် မန်နေဂျာ ဦးကျော်လင်းစိုးက ပြောသည်။

လက်ရှိစတင်ထုတ်လုပ်ဖြန့်ချိသည့်အထဲမှ Selnat အမျိုးအစားမှာ 125CC စကူတာ ပုံစံအမျိုးသမီးစီးဖြစ်ပြီး ပြည်တွင်း ရောင်းဈေး ကျပ် ၂၃၈၀၀၀၀၊ Damon မှာ 125CC 4 Stroke စကူတာယာဉ်အမျိုးအစားဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးစီး ဖြစ်ကာ ရောင်းဈေး ကျပ် ၂၆၈၀၀၀၀၊ RT 250i မှာအမျိုးသား စီးဖြစ်ပြီး Sport Biker များအတွက် ထုတ်လုပ်ထားရာ ရောင်းဈေးမှာ ကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။ အဆိုပါဆိုင်ကယ်အမျိုးအစားသုံးမျိုးစလုံးကို အဖြူရောင်၊ မလိုင်ရောင်၊ ရှန်ပိန်ရောင်၊ အနီရောင်၊ ခဲရောင်များဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ရာ လက်ငင်းစနစ်၊ အရစ်ကျစနစ်များဖြင့် ပစ္စည်းမှန်ဈေးမှန်ဖြန့်ချိမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/14536

## မြန်မာနှင့်ထိုင်း နှစ်နိုင်ငံကုန်တင်ယာဉ်များ တိုက်ရိုက်ပြေးဆွဲနိုင်ရေးစီစဉ်နေ

မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား ကုန်တင်ယာဉ်များဖြင့် တိုက်ရိုက်ပြေးဆွဲနိုင်ရန် အတွက် MoU ရေးထိုးမည့်အစီအစဉ်ကို ဆောင်ရွက်နေကြောင်း သိရသည်။ နှစ်နိုင်ငံကုန်တင်ယာဉ်များ တိုက်ရိုက်ပြေးဆွဲနိုင်ရန်အတွက် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာ MoU ကို ရေးထိုးရေးကိုဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ အသင်းမှသိရသည်။ ထိုကဲ့သို့ဆောင်ရွက်ရခြင်းသည် နှစ်နိုင်ငံကုန်စည်စီးဆင်းမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ G to G အရင်ဆုံးစမ်းပြီးတော့ ယိုးဒယားနဲ့ ကျွန်တော်တို့နဲ့ကုန်သွယ်ကြမယ်။ သူတို့ဘက်ကလာတဲ့ကားတွေက ကျွန်တော်တို့ SEZ သီလဝါအထိကိုလာမယ်။ ကျွန်တော်တို့ကလဲ ယိုးဒယားအထိ သွားမယ်။ အဲဒါလေးကို အရင်စမ်းသပ်ပြီး ပြေးဆွဲမယ်ဟု မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါလုပ်ငန်းကိုစတင်ပါက စမ်းသပ်ကာလအတွင်း တစ်နိုင်ငံကို ကုန်တင်ယာဉ်အစီးရေ ၁၀၀ ခန့်ဖြင့် စတင်ပြေးဆွဲရန် စီစဉ်ထားကြောင်းလည်းသိရသည်။

နယ်စပ်ဖြတ်ကျော်မောင်းနှင်ကုန်သွယ်ရမည့် စနစ်ဖြစ်ခြင်းကြောင့် စိန်ခေါ်မှုများရှိလာနိုင်သည့်အတွက်လည်း ကြိုတင်

ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်းလည်း ဆိုသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(မတ်လအထိ)အတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ပို့ကုန်ကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၁၅၇၀ ဒသမ ၀၄၁ သန်းရှိခဲ့ပြီး သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀၇၅ ဒသမ ၁၀၅ သန်းအထိရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။

**Source:**https://www.yangonmedia.com/economy/item/14535

## စိန်တလုံးသရက် နိုင်ငံတကာမှတ်ပုံတင်ဖို့လုပ်ငန်းစဉ် နောက်ဆုံးအဆင့်ရောက်ပြီ

စိန်တလုံးသရက်ကို နိုင်ငံတကာမှာ မှတ်ပုံတင်ဖို့ လုပ်နေတာ လေးနှစ်လောက်ရှိပြီဖြစ်ပြီး လက်ရှိမှာတော့ နောက်ဆုံးအဆင့်ကို ရောက်နေပြီလို့ မန္တလေးတိုင်းဒေသကြီး သရက်အသင်းကသိရပါတယ်။ မန္တလေးတိုင်းဒေသကြီး သရက်အသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံမှာ မန္တလေးတိုင်းဒေသကြီးက သရက်သီးအထွက် အများဆုံးဒေသဖြစ်ပြီး မြန်မာနိုင်ငံမှာ သရက်မှတ်ပုံတင်မယ်ဆိုရင် ဥပဒေတိတိကျကျ ထွက်မလာသေးဘူးလို့ ဆိုပါတယ်။ နိုင်ငံတကာမှာ မှတ်ပုံတင်နိုင်ဖို့အတွက် ဒီအင်န်အေစစ်ရာမှာ ကုန်ကျစရိတ်အင်မတန် များပြားတာကြောင့် သရက်အသင်းအနေနဲ့ မတတ်နိုင်တဲ့အတွက် အစိုးရရဲ့အကူအညီကို လိုအပ်တယ်လို့ ၄င်းကဆိုပါတယ်။ စစ်ရင် တစ်မျိုးတစ်မျိုးကို ဈေးအများကြီး ပေးရပါတယ်၊ အဲဒီတော့ အသင်းအနေနဲ့လဲ အဲဒါတွေက မဖြစ်နိုင်ပါဘူး၊ ငွေရေးကြေးရေးတွေ အများကြီးပါလာတဲ့အတွက် အစိုးရက ကူညီမှဖြစ်မှာပါ၊ ဒါပေမဲ့ နောက်ဆုံးအဆင့် နီးပါးတော့ရောက်နေပြီ ဖြစ်တာကြောင့် မင်္ဂလာသတင်းပါ၊ အဆင်ပြေတော့မှာပါလို့ ဒေါ်သန်းသန်းဆွေက ပြောပါတယ်။

မန္တလေးမြို့ ဟိုတယ် Hazel မှာ ပြုလုပ်ခဲ့တဲ့ ငါးကြိမ်မြောက် မြန်မာ့သရက်သီးပွဲတော် ပြပွဲပြိုင်ပွဲမှာ နိုင်ငံတကာက သရက်အသင်းဝင်တွေနဲ့ ဥက္ကဋ္ဌလာရောက် လေ့လာခဲ့ကြရာမှာ မန္တလေးကသရက်တွေကို ဝယ်ယူချင်တယ်လို့ ကမ်းလှမ်းလာခြင်းမျိုးတွေ ရှိလာတယ်လို့သိရပါတယ်။ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မှတ်ပုံတင်လုပ်ထားဖို့လိုပါတယ်၊ နိုင်ငံတကာပို့ဖို့ဆိုရင် ဓာတုဓာတ်ကြွင်းနည်းတဲ့ထုတ်ကုန် ဖြစ်ဖို့လိုပါတယ်၊ ဒါမှနိုင်ငံတကာက လက်သင့်ခံမှာပါ၊ သရက်ပို့ကုန်တွေ အောင်မြင်ဖို့ဆိုရင် တိုင်းဒေသကြီးအဆင့်၊ နိုင်ငံတော်အဆင့် အဆင့်ဆင့် ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်၊ ပို့ကုန်တင်ပို့နိုင်ဖို့ အရင်းအနှီး၊ နည်းပညာတင်မက အစိုးရကပါ ဝိုင်းဝန်းကူညီမှသာ အောင်မြင်မှာပါလို့ပြောပါတယ်။ သရက်သီးပွဲတော်တွေ ကျင်းပခြင်းဟာ တိုင်းဒေသကြီးရဲ့နာမည်ကြီး ထုတ်ကုန်တစ်ခုကို မြှင့်တင်ရာရောက်သလို စိန်တလုံးသရက်သီးကို မန္တလေးတိုင်းဒေသကြီး ထုတ်ကုန်အဖြစ် အသိအမှတ်ပြုဖို့ မှတ်ပုံတင်လုပ်ထားဖို့လိုအပ်တယ်လို ဝန်ကြီးချုပ်ကဆိုပါတယ်။ အခုကမ်းလှမ်းလာတဲ့နိုင်ငံတွေကတော့ တရုတ်၊ ထိုင်ဝမ်၊ စင်ကာပူ ၊ကိုရီးယား၊ ဂျပန်ဂျက်ထရို၊ ထိုင်းကလာရောက် ကမ်းလှမ်းလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိဝယ်လက်များနေတာကတော့ တရုတ်နဲ့ စင်ကာပူတို့ဖြစ်တယ်လို့ သိရပါတယ်။

**Source:**https://www.kumudranews.com/news-33708

## ဆီးပျားရည် အများအပြားထုတ်လုပ်နိုင်ရန် စစ်ကိုင်းတိုင်းတွင် ပုဂ္ဂလိကပျားအုံပေါင်း ၉၀၀၀၀ ကျော်ဖြင့် လုပ်ငန်းပြင်ဆင်



လာမည့် စက်တင်ဘာလအတွင်း ဆီးပျားရည်အများအပြား ထုတ်လုပ်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပျားအုံပေါင်း ၉၀၀၀၀ ကျော်ဖြင့် လုပ်ငန်းပြင်ဆင်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်း ပျားလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်က ပြောဆိုသည်။ စက်တင်ဘာလမှာ ဆီးပျားအမြောက်အမြား ထုတ်နိုင်အောင် လုပ်နေပါတယ်။ ဌာနပျားအုံက စစ်ကိုင်းတိုင်းအနေနဲ့ ၁၄၀၀၊ ပုဂ္ဂလိကပျားအုံက ၉၀၀၀၀ လောက် ရှိပါတယ်ဟု ဦးမျိုးတင့်ကပြောဆိုသည်။

ပျားအုံများကို ဆီးပွင့်ရာသီ စက်တင်ဘာ၊-အောက်တိုဘာ-၊ နိုဝင်ဘာလများတွင် ပျားရည်ထုတ်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ လူတွေလိုဆိုရင် ရေသယ်စုသလို ပျားတွေ ပျားအင်အားတိုးအောင် လုပ်နေတဲ့ကာလပေါ့။ နှမ်းပွင့်တဲ့နေရာတွေဖြစ်တဲ့ ရွှေဘို၊ ဝက်လက်၊ ချောင်းဦး၊ စစ်ကိုင်း၊ ပုလဲ စတဲ့ နှမ်းစိုက်တဲ့ နေရာတွေသွားပြီး ပျားအုံဖွံ့ဖြိုးအောင် လုပ်နေပါတယ်ဟု ၎င်းက ပြောဆိုသည်။

နှမ်းဝတ်မှုန်က ပျားအုံအတွက် နူးညံ့သော ပရိုတင်းဓာတ် အများဆုံးရသည့်အတွက် ပျားများကြိုက်ကြရာ ပျားဘုရင်မများက နှမ်းဝတ်မှုန်စားလေ့ရှိကြောင်းသိရသည်။ ပျားဘုရင်မတွေက ဒီအချိန် ဥအများကြီး ဥပြီး ပျားအကောင် အများကြီး

ပေါက်တယ်။ စက်တင်ဘာလမှာ ပျားရည်အမြောက်အမြားရလာစေဖို့ ပျားအင်အားစုတာပေါ့ဟု ၎င်းကဆက်လက်ရှင်းပြသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်သူ ၃၁၃ ဦးရှိပြီး ပုဂ္ဂလိကပျားမွေးမြူသူသည် ပျားစာပေါသည့် အင်းတော်မြို့နယ် မဲဇာ၌ အများဆုံးဖြစ်သည်။

Source:https://myanmar.mmtimes.com/news/124074.html

## မြန်မာကုန်ထုတ်လုပ်မှု PMI အညွှန်းကိန်း စံချိန်တင်မြင့်တက်

ပြီးခဲ့တဲ့ မေလအတွင်းမှာ မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍထဲမှာ ခိုင်မာအားကောင်းတဲ့ တိုးတက်မှုတစ်ရပ်ကို ရရှိခဲ့တယ်လို့ သိရပါတယ်။ ကုန်ထုတ်လုပ်မှုနဲ့ အမှာစာသစ် ရရှိမှုပိုင်းမှာ မြန်မြန်ဆန်ဆန် ချဲ့ကားတိုးတက်ခဲ့သလို client demand ပိုင်းလည်း အားကောင်းခဲ့တယ်လို့ဆိုပါတယ်။

Nikkei Myanmar Manufacturing Purchasing Managers' Index (PMI) ကတော့ ဧပြီလက ၅၃.၇ ကနေ မေလမှာ ၅၄.၂ အထိကို တက်လာခဲ့တယ်လို့ သိရပါတယ်။ ယင်းအခြေအနေအရ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုကဏ္ဍမှာတော့ ၂၀၁၈ ဧပြီလနောက်ပိုင်း အကောင်းဆုံးတိုးတက်မှုကိုရရှိခဲ့တာကို ဖော်ညွှန်းပြသနေလျက်ရှိပါတယ်။

အဆိုပါ PMI အညွှန်းကိန်း ၅၀ အထက်ဆိုရင် ကုန်ထုတ်လုပ်မှု အားကောင်းတယ်၊ စီးပွားရေးတိုးတက်တယ်လို့ သတ်မှတ်တာဖြစ်ပြီး ၅၀ အောက်ဆိုရင်တော့ ကုန်ထုတ်လုပ်မှုလျော့ကျသွားတယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ထုတ်လုပ်မှုနဲ့ ကုန်အမှာစာသစ်ပိုင်းမှာ တိုးတက်မှုအရှိန်ကောင်းခဲ့တယ်၊ ကုမ္ပဏီလုပ်ငန်းတွေဘက်ကလည်း ဝန်ထမ်းခေါ်ယူမှု မြင့်တင်ခဲ့လို လုပ်သားအင်အားတိုးလာခဲ့တယ်၊ လုပ်ငန်းအတွင်း အမြန်ဆန်ဆုံးနှုန်းနဲ့ပေ့ါလို့ဆိုပြီး စစ်တမ်းကိုပြုစုခဲ့တဲ့ IHS Markit က စီးပွားရေးပညာရှင်Sian Jones က ပြောသွားပါတယ်။

Source:https://asia.nikkei.com/.../Myanmar-manufacturing-PMI-records...

SFJ Strategy First Journal

## STOCK EXCHANGE (7.6.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 4,015 | 48,180,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 3,751 | 12,200,900 | 38,929,150 | 128,466 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 141 | 1,113,900 | 10,400,986 | 82,168 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 955 | 22,442,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 9,106 | 27,315,350 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 460.56 | +11.28 | +2.51% | 448.30 | 460.56 | 448.30 | 2,157 | 10,852,100 | 5 | 628,773 |


**Index chart**




# Market Overview

As of 1:00 pm, 7th Jun. 2019

| MYANPIX | 461.98 ▲ 1.42 |
|---|---|
| Total Volume (shares) | 17,968 |
| Total Value (MMK) | 111 mil |
| Listed Company | 5 |
| Market Cap. (MMK) | 630,719 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |

TIR